# (၆-၃-၂၀၂၃ မှ ၁၀-၃-၂၀၂၃ ) တစ်ပတ်အတွင်း ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်းများ

## အာလူး

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်(၆-၃-၂၀၂၃ မှ ၁၀-၃-၂၀၂၃) အတွင်းဖြစ်ပေါ်ခဲ့သော အာလူး တစ်ပိဿာ ဈေးနှုန်းများမှာ (၆-၃-၂၀၂၃)တွင် ဆင်ဖြူကျွန်းလုံးလတ် ကျပ် ၁၂၀၀၊ ဆင်ဖြူကျွန်းဆွဲ ကျပ် ၁၂၀၀၊ ဆင်ဖြူကျွန်း A1 ကျပ် ၁၃၀၀၊ ဆင်ဖြူကျွန်း OK ကျပ် ၁၄၀၀၊ ဆင်ဖြူကျွန်း S1 ကျပ် ၁၆၀၀ ၊ဆင်ဖြူကျွန်း S2 ကျပ် ၁၃၀၀၊ ၊ဆင်ဖြူကျွန်း S3 ကျပ် ၁၂၀၀၊ တရုတ်(သဲသီး)ကျပ် ၂၁၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆင်ဖြူကျွန်းဆွဲ ကျပ် ၂၀၀၊ ဆင်ဖြူကျွန်း A1 ကျပ် ၂၀၀၊ ဆင်ဖြူကျွန်း OK ကျပ် ၄၀၀၊ ဆင်ဖြူကျွန်း S1 ကျပ် ၃၀၀ ၊ဆင်ဖြူကျွန်း S2 ကျပ် ၁၀၀ နှင့် ဆင်ဖြူကျွန်း S3 ကျပ် ၂၀၀ အသီးသီးဈေးမြင့်တက်ခဲ့ပြီး တရုတ်(သဲသီး) ကျပ် ၅၀ ဈေးကျဆင်းခဲ့ သည်။ တစ်ပတ်အတွင်း ကုန်စည်ဒိုင်သို့ အာလူးကားစီးရေ ၃၈ စီး ( ၂၂၈၀၀၀ ပိဿာ ) ဝင်ရောက် ခဲ့ကြောင်း သိရသည်။

## ကြက်သွန်နီ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့ နှင့် မြစ်သားမြို့တို့မှ ကြက်သွန်နီများ ဝင်ရောက်လျက် ရှိရာ (၆-၃-၂၀၂၃ မှ ၁၀-၃-၂၀၂၃ ) အတွင်း ဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ ( တစ်ပိဿာ ) ဈေးနှုန်းများမှာ (၆-၃-၂၀၂၃) နေ့တွင် ဆိပ်ဖြူရှယ် ကျပ် ၁၁၂၅၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၁၅၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၁၅၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၀၀၀၊ မြစ်သားရှယ် ကျပ် ၁၆၀၀၊မြစ်သားလတ်ကြီး ကျပ် ၁၇၀၀၊ မြစ်သားလတ်သန့် ကျပ် ၁၇၀၀ နှင့် မြစ်သားလတ်ချော ကျပ် ၁၄၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၂၅၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၅၀၊ မြစ်သားလတ်ကြီး ကျပ် ၁၀၀ နှင့် မြစ်သားလတ်သန့် ကျပ် ၅၀ အသီးသီးဈေးမြင့်တက်ခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။တစ်ပတ်အတွင်း ကုန်စည်ဒိုင်သို့ကြက်သွန်နီကားစီးရေ၁၅၄စီး(၉၂၄၀၀၀၀) ပိဿာ ခန့်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

## ကြက်သွန်ဖြူ

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၆-၃-၂၀၂၃ မှ ၁၀-၃-၂၀၂၃ )အတွင်း ဖြစ်ပေါ်ခဲ့သောကြက်သွန်ဖြူ(တစ်ပိဿာ) ဈေးနှုန်းများမှာ ( ၆-၃-၂၀၂၃ ) တွင် ကြူကုတ်ရှယ် ကျပ် ၃၆၅၀ အောင်ပန်း ထူး-၂ ကျပ် ၃၄၀၀၊ အောင်ပန်းထူး-၃ ကျပ် ၃၈၀၀၊ အောင်ပန်းထူး-၄ ကျပ် ၃၉၀၀၊နှင့် အောင်ပန်းထူး-၅ ကျပ် ၄၂၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်ရှယ် ကျပ် ၁၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်အမျိုးအစားများ ဈေးငြိမ်လျက်ရှိသည်။ တစ်ပတ်အတွင်း ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ်ရေ ၂၂၀၀ ( ၆၆၀၀၀ ပိဿာ ) ဝင်ရောက်ခဲ့ကြောင်းသိရသည်။

SWT (Domestic)